# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 2, 2020 Volume 27, Number 1


**၂.၁.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၁၉/-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၉,၂၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၈၀/- ကျပ် |
| CBM Rate | = ၁၄၇၁.၂ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၄၉.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၂.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၄၅.၂ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၅၂.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၀.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၁.၃၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၆၃၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၇.၂၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၅၉.၉၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၈၀၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ကမ္ဘာ့ရွှေ အတက်ကြမ်း၊ ပြည်တွင်းရွှေလိုက်မတက်၊ ဒေါ်လာဈေးဆက်အေးနိုင်

ဇန်နဝါရီ ၁ ရက်နေ့ ဗုဒ္ဓဟူးနေ့ မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိ ရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ် ၁၁၈၂၀၀၀ ဖြစ်ပါတယ်။ မန္တလေးဈေး အောင်သမာဓိ တစ်ကျပ်သားကို ၁၁၈၂၀၀၀ ကျပ်ဖြစ်ပါတယ်။ မြန်မာ့ရွှေဈေးကတော့ ပြီးခဲ့တဲ့အပတ်က မှန်းခဲ့သလိုပဲ ကမ္ဘာ့ရွှေဈေးအတက်ကြမ်းခဲ့ပေမဲ့ ပြည်တွင်းရွှေဈေး ကတော့ လိုက်မတက်ခဲ့ပါဘူး။ ကမ္ဘာ့ရွှေဈေးဟာ တစ်ပတ်အတွင်း ဒေါ်လာ ၅၀ ဝန်းကျင်အတက်ရှိခဲ့ပြီး မြန်မာ့ရွှေဈေးကတော့ ၁၁၉၆၀၀၀ ဝန်းကျင်နားမှာပဲရှိနေ ပါတယ်။ ပြည်တွင်းဒေါ်လာဈေးကတော့ ၁၀ ရက်အတွင်းမှာ ၂၀ ကျပ်ဝန်းကျင်လောက် အကျရှိခဲ့ပြီး၊ ယနေ့ ၁၄၈၀ ကျပ်ဝန်းကျင်မှာ ဈေးဖွင့်မယ်လို့ ခန့်မှန်းရပါတယ်။ ဒီဇင်ဘာ ၃၀ ရက်နေ့မှာ ဗဟိုဘဏ်က ဒေါ်လာသုံးသန်းကို ၁၄၈၄.၄ ကျပ်နှုန်းဖြင့် ဝယ်ယူခဲ့ပါတယ်လို့ ဈေးကွက်လေ့လာသုံးသပ်သူ ကိုသူရထွန်းကပြောပါတယ်။ ကမ္ဘာ့ ဒေါ်လာဈေး အညွန်းကိန်းဆက်ကျနေတာကြောင့် ပြည်တွင်းဒေါ်လာဈေး ဆက်အေး နိုင်ပြီး အင်နဲ့အားနဲ့ပြန်တက်ဖို့ လောလောဆယ်မဖြစ်နိုင်သေးပါဘူး။ နှစ်တိုင်းတော့ တရုတ်နှစ်သစ်ကူးနားနီးရင် ကမ္ဘာ့ရွှေဈေးအကျကြမ်းတတ်ပြီး ဒီနှစ်မှာလည်း အနည်းငယ်ပြန်အေးနိုင်မယ်လို့ ဈေးကွက်လေ့လာသုံးသပ်သူ ကိုသူရထွန်းက သုံးသပ် ပါတယ် ။

Source: https://www.kumudranews.com/news–

## ထိုင်းကုန်သည်တွေ ပြောင်းဆန်တွေကို တရားဝင်ဝယ်ယူပြီး တင်သွင်းဖို့ ကြန့်ကြာနေတာကြောင့် မြန်မာပြည်တွင်းမှာပဲဝယ်ယူပြီး သိုလှောင်ရန်စီစဉ်နေ

ပြောင်းတွေကို ထိုင်းနိုင်ငံက MoU လက်မှတ်ရေးထိုးပြီး ဝယ်ယူသွား ဖို့ စီစဉ်နေပေမဲ့ လက်မှတ်ရေးထိုးမယ့်အစီအစဉ် ကြန့်ကြာနေတာကြောင့် မြန်မာနိုင်ငံထဲမှာပဲ ကြိုတင်ဝယ်ယူထားပြီး သိုလှောင်သွားဖို့ ထိုင်းကုန်သည် အချို့စီစဉ်နေတယ်လို့ မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းထံက သိရပါတယ်။ မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းနဲ့ ထိုင်းနိုင်ငံ က Private Warehouse Organization (PWO) အဖွဲ့နဲ့ ဒီဇင်ဘာလ တတိယပတ်မှာ MoU လက်မှတ်ရေးထိုးဖို့ စီစဉ်နေပေမဲ့ ထိုင်းက ပြောင်းစိုက် တောင်သူ တွေက လက်ရှိအချိန်မှာ မဝယ်ယူသေးဖို့ ကန့်ကွက်မှုအချို့ရှိနေတာကြောင့် လက်မှတ် မရေးထိုးနိုင်သေးဘူးလို့ အသင်းအတွင်းရေးမှူး ဦးသန့်ဇင်ထွန်း ကပြောပါတယ်။ သူက “သူတို့နိုင်ငံမှာ မူဝါဒတစ်ခုရှိတယ်၊ ပြောင်းဆန်ထွက်နေတဲ့ ငါးလအတွင်းမှာ ဝယ်ယူမှုရပ်ဆိုင်းတယ်၊ ခုလဲ လက်မှတ်ထိုးဖို့ ရှိပေမဲ့ ပြောင်းထွက်တဲ့အချိန် ဖြစ်နေ

သေးတော့ တောင်သူတွေဆီက ကန့်ကွက်မှုတွေရှိနေတော့ သူတို့ဆီမှာ အစိုးရကဖိအားရှိနေတော့ မထိုးဖြစ်သေးဘူး၊ အဲဒီတော့ သူတို့က တင်သွင်းခွင့်ရတာနဲ့ တင်သွင်းနိုင်ဖို့ ဒီထဲမှာပဲဝယ်ပြီး သိုလှောင်ဖို့ ပြည်တွင်းက ကုမ္ပဏီအချို့နဲ့ ချိတ်ဆက်နေတယ်”လို့ ပြောပါတယ်။ မြန်မာ့ပြောင်းဆန်တွေကို ပြည်တွင်း သုံးစွဲမှုတစ်ဝက် ရှိပြီး ပြည်ပပို့တဲ့ကဏ္ဍမှာလည်း တရုတ်နိုင်ငံကို အများဆုံးတင်ပို့နေတာဖြစ်ပါတယ်။

တရုတ်နိုင်ငံက အခုနောက်ပိုင်းမှာ ပုံမှန်ဝယ်ယူမှုမရှိတဲ့ အခြေအနေမှာ ထိုင်းနိုင်ငံနဲ့ ပထမ ဆုံး တရားဝင် MoU လက်မှတ်ရေးထိုးပြီး တင်ပို့ရောင်းချဖို့ စီစဉ်နေတာဖြစ်ပါတယ်။ “မြန်မာနိုင်ငံ က ခုလဲထွက်နေတယ်၊ ရောင်းမယ်ဆို တောင်သူ တွေကလဲ ရောင်းချင်နေတယ်၊ ကုန်သည်တွေကလဲ ပြောင်းဆန်တွေ လှောင်ပြီး ငွေမြုပ်မနေချင်ဘူး၊ ထိုင်းက လဲ ဝယ်ချင်နေတယ်၊ သူတို့နိုင်ငံရဲ့မူဝါဒအရသာ ကြန့်ကြာနေတာဖြစ်တယ်” လို့ ဦးသန့်ဇင်ထွန်းက ပြောပါတယ်။ ထိုင်းနိုင်ငံကို ပြောင်းဆန်ရောင်းချဖို့ အတွက် စာချုပ်ချုပ် ဆိုရာမှာ စာချုပ် တစ်ခုချုပ်တိုင်း ထိုင်းဘတ် နှစ်သန်းကျော်ဖိုး ဝယ်ယူမယ့်အချက် ပါဝင်တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှာ ပြောင်းဆန် ထွက်ရှိမှုအနေနဲ့ တစ်နှစ်ကို တန် ချိန် ၁၁ သန်းခန့်ထွက်ရှိပါတယ်။ ထွက်ရှိတာရဲ့ တစ်ဝက်ကို ပြည်တွင်းမှာသုံးစွဲပြီး ကျန်တစ်ဝက်ရဲ့ လေးပုံသုံးပုံက တရုတ်ကိုရောင်းချနေတာဖြစ်ပါတယ်။ ဒါပေမဲ့ တရုတ်နိုင်ငံက ဝယ်ယူမှု ရပ်နားထားတာကနေ နိုဝင်ဘာလကုန်ပိုင်းက ထွက်ရှိခဲ့တဲ့ ကိုတာမှာ ပြောင်းဆန်ဝယ်ယူဖို့ ပါဝင် လာတာကြောင့် မူဆယ်ကနေ အနည်းငယ်တင်ပို့မှုရှိနေတယ်လို့ သိရပါတယ်။

Source: https://www.kumudranews.com/news-36586

## ကြက်သွန်ဈေးနှစ်ဆတက်သော်လည်း တောင်သူများ အကျိုးအမြတ်နည်း

မိုးကြက်သွန်များ ဈေးကွက်အတွင်း ဝင်ရောက်နေပြီဖြစ်ကာ ယခင်နှစ်နှင့် ကာလတူနှိုင်းယှဉ်ပါက ကြက်သွန်နီဈေးနှုန်း နှစ်ဆမြင့်တက်ခဲ့သော်လည်း အကျိုးအမြတ်နည်းပါးနေကြောင်း ကြက်သွန်စိုက်တောင်သူများကပြောသည်။ ယခင်နှစ်က မိုးကြက်သွန်နီ ပိဿာ ၁၀၀ လျှင် ကျပ် ၇၀၀၀၀ မှ ၈၀၀၀၀ ဝန်းကျင်သာ ရရှိခဲ့သော်လည်း ယခုနှစ်တွင် ကျပ် ၁၅၀၀၀၀ မှ ၁၈၀,၀၀၀ အထိ ဈေးရရှိကြောင်း ကြက်သွန်စိုက်တောင်သူများက ဆိုသည်။ သို့သော် သီးနှံအထွက်နှုန်းကျဆင်းသဖြင့် ကြက်သွန်နီဈေးကောင်းသော်လည်း အကျိုးအမြတ်နည်းပါးနေခြင်းဖြစ်ကြောင်း ၎င်းတို့ကပြောသည်။ မိုးကြက်သွန်ဆိုသည်မှာ ကြက်သွန်နီဥသေးများကို အောက်တိုဘာလအတွင်း စိုက်ပျိုးကြပြီး ဒီဇင်ဘာလဆန်းပိုင်းတွင် ထွက်ရှိသည့် ကြက်သွန်နီဥကြီးများကို ခေါ်ခြင်းဖြစ်ပြီး စိုက်သက်တမ်းမှာ နှစ်လမှ နှစ်လခွဲခန့် ကြာမြင့်သည်။ "ကြက်သွန်နီအထွက်နှုန်း ကျတယ်။ အပင်က စိုက်သလောက်မအောင်ဘူးဖြစ်နေတယ်။ ကြက်သွန်မျိုးဥဈေးက ကုန်ချိန် ၁၀၀ ကို ကျပ် ၇၀,၀၀၀ လောက် ပေးဝယ်ရတယ်။ စိုက်ကာလ သုံးလလောက်မှာ စိုက်စရိတ်လည်း ရှိသေးတယ်။ အဲဒါကြောင့် အမြတ်ပြန်တွက်ရင် ကျန်တယ်ဆိုရုံလေးပဲ ရှိပါတယ်"ဟု တောင်သူဦးလှအောင်က ပြောသည်။

ကြက်သွန်နီ ပိဿာချိန် ၁၀၀ စိုက်ပျိုးပါက ကြက်သွန်နီ ပိဿာချိန် ၅၀၀ မှ ၇၀၀ ကြားထွက်သော်လည်း ယခုနှစ်အတွင်း ကြက်သွန်နီပိဿာချိန် ၃၀၀ မှ ၄၀၀ အထိသာ ထွက်ကြကြောင်း ၎င်းကဆိုသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် အမျိုးအစားနှင့် အရည်အသွေးပေါ်မူတည်၍ ကြက်သွန်နီတစ်ပိဿာ လက်ရှိပေါက်ဈေးမှာ ကျပ် ၁,၁၀၀ မှ ၂,၅၀၀ အထိ ရှိနေသည်။ ကြက်သွန်နီဈေးသည် ဒီဇင်ဘာလဆန်းပိုင်းက တစ်ပိဿာလျှင် ကျပ် ၃,၀၀၀ အထိ ပေါက်ဈေးရှိခဲ့သည်။ "ကြက်သွန်နီက ဒီရက်ပိုင်းမှာ ပိတ်ရက်တွေများလို့ အရောင်းအဝယ်အေးပြီး ဈေးနည်းနည်းကျနေပါတယ်။ ကြက်သွန်နီ အဟောင်းတွေက အကုန်ကုန်နေပါပြီ။ အခုက ကြက်သွန်နီအသစ်တွေ ဝင်နေတာပါ"ဟု မြန်မာနိုင်ငံကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုချောင်သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဌ ဦးခင်ဟန်ကပြောသည်။ ကြက်သွန်နီ အသစ်ဈေးကွက်အတွင်း ဝင်ရောက်လာပြီဖြစ်သော်လည်း လက်ကားဈေးတစ်ပိဿာ ကျပ် ၄၀၀၀ အထိ ပေါက်ဈေးရှိနေဆဲဖြစ်ကြောင်း အိမ်ရှင်မများကပြောသည်။ ဆောင်းကြက်သွန်များ စတင်ထွက်ရှိချိန်ဖြစ်သည့် ဧပြီလ အတွင်းက ကြက်သွန်နီဈေးတစ်ပိဿာလျှင် ကျပ် ၅၀၀ သာရှိခဲ့ရာ ကြက်သွန်နီဈေးနှုန်း တဖြည်းဖြည်းမြင့်တက်ခဲ့ပြီး

ထိုသို့ဖြစ်ခြင်းမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကြက်သွန်နီလိုအပ်ချက်များပြားလာခြင်းကြောင့်ဖြစ်သည်။

ပြည်ပနိုင်ငံများသို့ ကြက်သွန်နီတင်ပို့မှု အများဆုံးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ရာသီဥတုဆိုးရွားမှုကြောင့် သီးနှံအထွက်နှုန်းကျဆင်းလာသည့်အတွက် အိန္ဒိယနိုင်ငံအစိုးရသည် ပြည်ပသို့ ကြက်သွန်နီတင်ပို့ရောင်းချမှုကိုပိတ်ပင်ခဲ့သည်။ ထို့ကြောင့် ကြက်သွန်နီကို အိန္ဒိယနိုင်ငံမှ အဓိကတင်သွင်းသုံးစွဲနေရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကြက်သွန်နီ လိုအပ်ချက်မြင့်တက်လာပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံအချို့မှကြက်သွန်နီများ တင်သွင်းခဲ့သည့်အတွက် ပြည်တွင်းတွင် ကြက်သွန်နီဈေး မြင့်တက်ခဲ့ခြင်းဖြစ်သည်။

**Source:** https://www.facebook.com/kope.aung/posts/2540966909505852

**The Myanmar Times**

## မြန်မာကျပ်ငွေဖြင့်ရောင်းချမည့် ကျောက်မျက်ရတနာပြပွဲ နေပြည်တော်တွင်စတင်

မြန်မာကျပ်ငွေဖြင့်ရောင်းချမည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့ ဇန်နဝါရီလ ၂ ရက်နေ့မှ စတင်ပြီး ၇ ရက်နေ့အထိ ကျင်းပမည်ဖြစ်ရာ ပြည်တွင်းရတနာကုန်သည် ၂၆၀၀ ကျော်တက်ရောက်မည်ဖြစ်ကြောင်း၊ ပြပွဲတွင် ကျောက်စိမ်းတွဲ ၃၆၉၅ တွဲ၊ ကျောက်မျက်တွဲ ၂၈၆ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဟု သိရသည်။

ကျောက်စိမ်း၊ ကျောက်မျက်တွဲများကို ဇန်နဝါရီ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ကြည့်ရှု စစ်ဆေးနိုင်ပြီး တင်ဒါကို နောက်ရက်များတွင် တင်သွင်းနိုင်ကြောင်း၊ ကျောက်မျက် ဝယ်ယူသူများ အနေဖြင့် အနည်းဆုံး ကျပ် ၁၀ သိန်း စပေါ်ငွေတင်သွင်းရပြီး ကျောက်စိမ်းဝယ်ယူသူများအနေဖြင့် အနည်းဆုံး ကျပ် သိန်း ၂၀ စပေါ်တင်သွင်းရသည်ဟု ကျောက်မျက်ရတနာကော်မတီထံမှ သိရသည်။

**Source:** https://web.facebook.com/theirrawaddyburmese/posts/3091882670855864

## လှည်းကူး စက်မှုဥယျာဉ်စီမံကိန်း ကန်ဒေါ်လာ သန်း ၂၃၀ ကျော် ရင်းနှီးမြှုပ်နှံမည်

စင်ကာပူ-မြန်မာ ပူးပေါင်းတည်ထောင်မည့် လှည်းကူးစက်မှုဥယျာဉ်စီမံကိန်းကို အမေရိကန်ဒေါ်လာ သန်း ၂၃၀ ကျော် ရင်းနှီးမြှုပ်နှံ၍ ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် အကောင်အထည်ဖော်မှုလုပ်ငန်းများ စတင်မည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ မြေဧက ၁,၄၈၇ ဒသမ၅ ဧကပေါ်တွင် လှည်းကူးစက်မှုဥယျာဉ်စီမံကိန်းကို ဖော်ဆောင်ရန် စီမံကိန်းတည်ထောင်သူများအဖြစ် ပြည်တွင်းမှ City Mart Holding Co,Ltd (CMHL)? Myanmar Agribusiness Public Co,Ltd(MAPCO) နှင့် စင်ကာပူမှ Sembcrop CSSD Myanmar Co,Ltd တို့က၂၀၁၉ ခုနှစ်၊ ဇူလိုင် ၃၀ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းကုမ္ပဏီ သုံးခုပူးပေါင်း၍ MSIP (Hlegu) JV ကုမ္ပဏီကို တည်ထောင်ဖွဲ့စည်းပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် မှတ်ပုံတင်ထားကာ ကော်မရှင်၏ ခွင့်ပြုချက်စောင့်ဆိုင်းနေသည်ဟု MAPCO rS Executive Director ဦးဟန်သော်ဇေက မြန်မာတိုင်း(မ်)ကို ပြောသည်။ "MIC ခွင့်ပြုချက်စောင့်နေတာ။ ဇန်နဝါရီဆိုရင် MIC ခွင့်ပြုချက်ကျမယ်လို့ မျှော်မှန်းတယ်။ လျာထားချက်ကတော့ ၂၀၂၀ ပြည့်နှစ်၊ သုံးလပိုင်းမှာ မြေပြင်ပန္နက်တင်အခမ်းအနားလုပ်ဖို့ ရည်ရွယ်ထားတယ်" ဟု ၄င်းက ပြောသည်။

MAPCO က ရရှိသည့်အချက်အလက်များအရ စီမံကိန်းကို ကုမ္ပဏီများက အကောင်အထည်ဖော်ရာတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၃၁ သန်းကျော်ရှိမည်ဖြစ်ပြီး Sembcrop ကုမ္ပဏီက ရှယ်ယာ ၆၇ ရာခိုင်နှုန်းဖြင့် အများဆုံးပိုင်ဆိုင်ကာ City Mart Holding က ပိုင်ဆိုင်သော Patama Group က ရှယ်ယာ ၁၈ ရာခိုင်နှုန်း၊ MAPCO က ရှယ်ယာ ၁၅ ရာခိုင်နှုန်းစီ အသီးသီး ပါဝင်ရင်းနှီးမြှုပ်နှံကြမည်ဖြစ်သည်။ လှည်းကူးစက်မှုဥယျာဉ်စီမံကိန်းအတွင်း အထွေထွေကဏ္ဍစက်ရုံများ၊ အစားအသောက်နှင့်ပတ်သက်သော စက်ရုံများ၊ ထောက်ပံ့ပို့ဆောင်ရေး သိုလှောင်ရုံများ ပါဝင်မည်ဖြစ်သည်။ စီမံကိန်းအတွက် အခြားလိုအပ်သော လျှပ်စစ်မီး၊ လမ်းနှင့် အခြေခံအဆောက်အအုံအားလုံးအတွက် စီစဉ်ထားပြီးဖြစ်သည်ဟု ဦးဟန်သော်ဇေကပြောသည်။ စီမံကိန်းသည် ရန်ကုန်တိုင်းအစိုးရပိုင်မြေပေါ်တွင် အကောင်အထည်ဖော်မည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်လည်း ရရှိထားပြီးဖြစ်သည်ဟုသိရသည်။

ကုန်စည်များ ထောက်ပံ့ပို့ဆောင်ရေးအတွက် စီမံကိန်းအနီးရှိ ရန်ကုန်-မန္တလေး အမှတ် (၁) လမ်းမမှ သီလဝါဆိပ်ကမ်းသို့ သွားလာရေးအဆင်ပြေသည့်အတွက် ထုတ်ကုန်များ ပြည်ပသို့လွယ်ကူစွာတင်ပို့နိုင်မည်ဖြစ်ပြီး အထက်မြန်မာပြည်သို့လည်း သွားရလွယ်ကူမည်ဖြစ်ကြောင်း ၄င်းကပြောသည်။ အဆိုပါစက်မှုဥယျာဉ်မြို့တော် ပေါ်ပေါက်လာခြင်းကြောင့် ရန်ကုန်တိုင်းဖွံ့ဖြိုး တိုးတက်မှုအတွက် အထောက်အကူဖြစ်လာမည်ဖြစ်ပြီး လုပ်ငန်းကူးဘက်နေသူများ အလုပ်အကိုင်ဖွံ့ဖြိုးလာမည်ဟု MAPCO က ပြောသည်။

**Source: The Myanmar Times**

https://www.facebook.com/kope.aung/posts/2540246852911191

## သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းစဉ် ပိုမိုမြန်ဆန်မည့် MACCS စနစ်သစ် ဇန်နဝါရီ ၅ ရက်တွင် စတင်အသုံးပြုမည်

သွင်းကုန်ထုတ်ကုန်လိုင်စင်ပါမစ်စနစ်သစ် (Myanmar Automated Cargo Clearance System–MACCS) ကို ဇန် နဝါရီ ၅ ရက်တွင် စတင်အသုံးပြုမည်ဟု အကောက်ခွန်ဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။ ယခင် ကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပေးသည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်အမှတ် (ပသကနှင့် ကုန်သွယ်မှုကတ် (ITC) အမှတ်များ၏ ဂဏန်းငါးလုံးနေရာတွင် Taxpayer Identification Number Format (TIN) ကိုးလုံးအထိတိုးမြှင့်ကာ ပြောင်းလဲအသုံးပြုမည်ဖြစ်သည်။ သွင်းကုန် ထုတ်ကုန်ရှင်းလင်းရေးလုပ်ငန်းစဉ် ပိုမိုမြန်ဆန်စေမည့် MACCS စနစ်သစ်အတွက် အမှတ်အသစ်များကို ကုန်သွယ်ရေးဦးစီး ဌာနတွင် TIN အ မှတ်အသစ်များလျှောက်ထားရယူရမည်ဖြစ်သည်။

နယ်စပ်ကုန်သွယ်ရေးအတွက် ထုတ်ပေးထားသည့် တစ်ဦးချင်းကုန်သွယ်မှုကတ် (ITC) ဆောင်သူများသည်လည်း ထုတ်ယူ ထားသော သက်ဆိုင်ရာကုန်သွယ်ရေးစခန်းများတွင် ဆောင်ရွက်ရမည်ဖြစ်သည်။ ကုန်သွယ်မှုလုပ်ငန်းများနှင့် ဆက်စပ် ဌာနများဖြစ်သော ကုန်သွယ်ရေး၊ အကောက်ခွန်၊ DICA ၊ ပြည်တွင်းအခွန်၊ CSO ဌာန အားလုံးတွင် ကုမ္ပဏီမှတ်ပုံတင် အမှတ် TIN ကိုတူညီစွာအသုံးပြုနိုင်ရေးကျင့်သုံးမည်ဖြစ်သည်။

ကုန်သွယ်ရေးဦးစီးဌာနက နံပါတ်အသစ်ထုတ်ပေးပြီး အကောက်ခွန်ဦးစီးဌာနနှင့် ချိတ်ဆက်ကာ အကောက်ခွန် ကြေညာလွှာ တင်သွင်းခြင်းနှင့် သွင်းကုန်ထုတ်ကုန်လိုင်စင်ပါမစ်များ အသုံးပြုခြင်းတို့ကို ပြန်လည်ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ၂၀၁၃ ကစ၍ ဂျပန်နိုင်ငံ၏ နည်းပညာနှင့် ငွေကြေးအကူအညီရယူကာ အလိုအလျောက်ကုန်စည် ရှင်းလင်းရေးစနစ် (MACCS) ကို အသုံးပြုနိုင်ရန် အစိုးရက စီစဉ်ခဲ့သည်။ ပထမအဆင့်အနေဖြင့် မြဝတီနယ်စပ်တွင် ၂၀၁၈ ၌ ပထမအဆင့်အနေဖြင့် စမ်းသပ်ကျင့်သုံးထားသည်။ "တရားဝင်လမ်းကြောင်းကနေ ကုန်သွယ်မှုဘယ်လောက်ရှိမလဲဆိုတာသိနိုင်တယ်။ တကယ် ကုန်သွယ်ရေးလုပ်တဲ့သူတွေအတွက် အဆင်ပြေစေတယ်။ ဒီစနစ်ကိုထောက်ခံတယ်" ဟု မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်ရှိ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင် ဦးစိုင်းမြင့်ဘိုကပြောသည်။

**Source:** https://7day.news/-174776

## မဲဆောက်-မြဝတီ အမှတ် (၂) ချစ်ကြည်ရေးတံတား ဖွင့်လှစ်ပြီးနောက် ပို့ကုန်နှင့်သွင်းကုန် ကုန်သွယ်မှု မြင့်တက်လာခဲ့ကာ နှစ်လခွဲအတွင်း ယခင်နှစ်ကာလတူကထက် အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၉၀၈ သန်း ပိုမိုကုန်သွယ်နိုင်ကြောင်းသိရ

အရှေ့အနောက် စီးပွားရေးစင်္ကြံ ကုန်သွယ်မှု လမ်းကြောင်းပေါ်တွင် တည်ရှိသော မဲဆောက်- မြဝတီ အမှတ် (၂) ချစ်ကြည်ရေးတံတား ဖွင့်လှစ်ပြီးနောက် ပို့ကုန်ရောသွင်းကုန်ပါ ကုန်သွယ်မှုမြင့်တက်လာခဲ့ကာ နှစ်လခွဲအတွင်း ယခင်နှစ် ကာလတူကထက် အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၉၀၈ သန်း ပိုမိုကုန်သွယ်နိုင်ခဲ့ကြောင်း ကုန်သွယ်ရေး ဦးစီးဌာနမှ ထုတ်ပြန်သော စာရင်းများအရသိရသည်။ မြဝတီနယ်စပ်မှ ဘဏ္ဍာနှစ်သစ်ဖြစ်သော စက်တင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၁၃ ရက်ထိ အမေရိကန်ဒေါ်လာ ၂၂၁ ဒသမ ၆၉၉ သန်းကုန်သွယ်ခဲ့ပြီး ယခင်နှစ်ကာလတူက ဒေါ်လာ ၁၆၉ ဒသမ ၃၄၄ သန်း ကုန်သွယ် ခဲ့သည့်စာရင်းနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၉၀၈ သန်း ပိုမိုကုန်သွယ်နိုင်ခဲ့ခြင်းဖြစ်သည်။

မြဝတီနယ်စပ်မှ ထိုင်းနိုင်ငံဘက်သို့ မြန်မာ့လယ်ယာထွက်ပစ္စည်း ပဲ၊ နှမ်း၊ ငရုတ်၊ ကြက်သွန်၊ ဆန်ခွဲများ တင်ပို့လျက်ရှိရာ

ဘဏ္ဍာနှစ်သစ် နှစ်လခွဲအတွင်း အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၂၀၁ သန်း တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ် ကာလတူက ၂၂ ဒသမ ၇၅၄ သန်းထက် ဒေါ်လာ၂၅ ဒသမ ၄၄၇ သန်း ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံဘက်သို့ အများဆုံး တင်ပို့သော ပြောင်းဆံများကိုမူ ထိုင်းနိုင်ငံအတွင်း ပြောင်းထွက်ချိန်နှင့် တိုက်ဆိုင်နေ၍ အခွန်နှုန်းများစွာမြှင့်ထားခြင်းကြောင့် ပြောင်းဆန်များကို တရားဝင်တင်ပို့နိုင်ခြင်းမရှိသေး၍ ကုန်သည်များ များစွာနစ်နာခဲ့ကြောင်းသိရသည်။ လာမည့်ဖေဖော်ဝါရီ ၁ ရက်မှ စတင်ကာ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ခွင့်ရရှိတော့မည်ဖြစ်သည်။ ထိုင်းနိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ တင်သွင်းရာတွင် မော်တော်ယာဉ်များအား တရားဝင် တင်သွင်းခွင့် မရှိသလောက် နည်းပါးသွားသော်လည်း ဂျပန်တစ်ပတ်ရစ် Without ကားများကို နေ့စဉ်ရာနှင့်ချီ၍ တရားမဝင်တင်သွင်းလျက်ရှိသည်။

လယ်ယာသုံးစက်ယန္တရားများ၊ လယ်ထွန်စက်နှင့်စပါးခြွေလှေ့စက်များ၊ မော်တော်ဆိုင်ကယ် ထိုင်းထုတ်၊ ဗီယက်နမ်ထုတ်များကို အလုံးအရင်းနှင့်တရားဝင်အခွန်ဆောင်တင်သွင်းလျက်ရှိသည်။ စက်သုံးဆီ၊ သဘာဝဓာတ်ငွေ့ရည်နှင့် လူအသုံးအဆောင်ပစ္စည်းများ၊ အလှကုန်အထည်အလိပ်၊ စားသောက်ကုန်နှင့် အချိုရည်မျိုးစုံတင်သွင်းနေသလို တင်သွင်းခွင့်မရှိသော ဂျပန်စွန့်ပစ်ပစ္စည်း ပရိဘောဂများကိုလည်း တရားမဝင်တင်သွင်းလျက်ရှိသည်။ ထိုင်းကုန်စည်များ ပြည်တွင်းဈေးကွက်သို့ တင်သွင်းမှုမှာ အမှတ် (၂) ချစ်ကြည်ရေးတံတား ဖွင့်လှစ်ပြီးနောက် ပိုမိုမြင့်တက်လာခဲ့ကာ အမေရိကန်ဒေါ်လာ ၁၇၃ ဒသမ ၄၉၈ သန်းဖိုး တင်သွင်းနိုင်ခဲ့သည့်အတွက် ယခင်နှစ်ကာလတူကထက် ဒေါ်လာ ၂၆ ဒသမ ၉၀၈ သန်း ပိုမိုတင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/152180

## မင်းဘူးခရိုင်ကထွက်သည့် ငရုတ်သီးစိမ်းများ ရခိုင်ပြည်နယ်သို့ပို့မှု ယခင်နှစ်ထက်လျော့နည်း




မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး (စကု)၊ ပွင့်ဖြူမြို့နယ်တို့က ထွက်ရှိသည့် ငရုတ်သီးစိမ်းများကို ရခိုင်ပြည်နယ်သို့ ပို့နေသည့်ပမာဏမှာ ယခုဆောင်းရာသီတွင် ယခင်နှစ်ထက် လျော့နည်းသွားကြောင်းသိရသည်။ “မနှစ်က ဒီလိုဆောင်းရာသီ ငရုတ်သီးစိမ်းပေါ်ချိန်က ရခိုင်ပြည်နယ်ကို နှစ်ရက်ချန်တစ်ပတ်ကို ငရုတ်သီးကားသုံးစီးကို ပိဿာချိန်ရှစ်ထောင်အထိပို့ရတယ်။

အခုနှစ် ဒီရာသီကတော့ ကားနှစ်စီးမှ ငရုတ်သီးက ပိဿာချိန် လေးထောင်ကျော်၊ ငါးထောင်လောက်ကို ဂေါ်ဖီ၊ အာလူး၊ ကြက်သွန်နီတို့နဲ့တွဲပြီး တင်ပေးရတယ်။ အခုနှစ်က ငရုတ်သီးစိမ်းတင်ပို့ရတာ ကျသွားတယ်”ဟု မင်းဘူးမြို့ ရွာသာကျေးရွာမှ ပွဲရုံပိုင်ရှင် ဒေါ်စိန်မြက ပြောသည်။ ငရုတ်အများဆုံးစိုက်ပျိုးရာဒေသများဖြစ်သည့် မင်းဘူး(စကု)မြို့နယ် ကျောက်တန်း၊ရေမြက်၊ ပေါက်ပင်တွင်း၊ ရေတွင်းကုန်းကျေးရွာနှင့် ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာအနီးရှိ ကျေးရွာများသည် မိုးရာသီနှင့်ဆောင်းရာသီတို့ပါ စိုက်ပျိုးကြသည်။ မင်းဘူးခရိုင် စလင်း၊ ဆင်ဖြူကျွန်းနှင့် မကွေးခရိုင် မကွေး၊ ရေနံချောင်း မြို့နယ်တို့သည်ရေဝတီမြစ်ရေကျပြီး မြေနုကျွန်းပေါ်ချိန် ဆောင်းရာသီတွင် ငရုတ်အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ်က ငရုတ်သီးဈေးနှုန်းများ ကျဆင်းခဲ့မှုကြောင့် ယခုနှစ်တွင် စိုက်ပျိုးမှုလျော့နည်းလာကြောင်း၊ ထို့ကြောင့် ရခိုင်သို့ပို့ရသည့်ပမာဏကျသွားခြင်းဖြစ်ကြောင်း မင်းဘူးမြို့နယ်၊ ရေမြက်ကျေးရွာက ငရုတ်စိုက်တောင်သူ ဦးကျော်ဆန်းကပြောသည်။ “ငရုတ်ဖြစ်ထွန်းမှုက မဆိုးပါဘူး။ ဈေးကွက်ကလည်း သင့်ပါတယ်။

ကျပ်တစ်ထောင်ဝန်းကျင်လောက် ရောင်းရတယ်။ ဒါပေမယ့် ငရုတ်စိုက်တောင်သူတွေ စိုက်တာနည်းကြတယ်။ ခါတိုင်းနှစ်တွေနဲ့စာရင်လျော့တယ်”ဟု ၎င်းကပြောသည်။ ငရုတ်သီးစိမ်းဈေးနှုန်းမှာလည်း အောက်တိုဘာလမှ နိုဝင်ဘာလအထိ တစ်ပိဿာလျှင် ကျပ် ၁၁၅၀ ဖြစ်ခဲ့ပြီး၊ ဒီဇင်ဘာလအတွင်း ကျပ်၈၀၀ မှ ကျပ် ၈၅၀ သို့ကျဆင်းကာ တစ်ပိဿာလျှင်ကျပ် ၃၀၀ ခန့် လျော့နည်းသွားကြောင်းသိရသည်။ ၂၀၁၈ ခုနှစ်ကငရုတ်သီးစိမ်း တစ်ပိဿာလျှင် ကျပ် ၃၅၀ မှ ကျပ် ၄၅၀ အထိသာ ရှိခဲ့ကြောင်းသိရသည်။ ရခိုင်ပြည်နယ်သို့ ငရုတ်သီးစိမ်းပို့သည့်ပမာဏကျဆင်းခဲ့သော်လည်း ကိုရီးယား၊ မလေးရှားနှင့် ထိုင်းနိုင်ငံသို့ငရုတ်သီးမှည့်စိုတင်ပို့ရန် စာချုပ်ချုပ်ဆိုထားခြင်းကြောင့် ငရုတ်သီးဈေးကွက်မှာ ယခင်နှစ်ထက်ကောင်းပြီး ငရုတ်စိုက်တောင်သူများ တွက်ခြေကိုက်ကြကြောင်းသိရသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်,** http://htwettoe.com/article-details/news/8519366

## နိုင်ငံတော်က သတ်မှတ်ထားသည့် အခြေခံစပါးဈေး ကျပ်ငါးသိန်းနှုန်းဖြင့် ဧရာဝတီတိုင်းဒေသကြီး၌ စပါးဝယ်ယူနိုင်ရန် နိုင်ငံတော် အရန်ငွေကြေးမှ ငါးဘီလျံရရှိထား



နိုင်ငံတော်က သတ်မှတ်ထားသည့် အခြေခံစပါးဈေး ကျပ်ငါးသိန်းနှုန်းဖြင့် ဧရာဝတီတိုင်းဒေသကြီး၌ စပါးဝယ်ယူနိုင်ရန် နိုင်ငံတော် အရန်ငွေကြေးမှ ငါးဘီလျံရရှိထားကြောင်းသိရသည်။ အခြေခံစပါးဈေး ငါးသိန်းနှုန်းဖြင့် စပါးဝယ်ယူမှုကို လက်ရှိတွင် စတင်ဆောင်ရွက်နေပြီဖြစ်ပြီး ပထမ ၂၅ ရာခိုင်နှုန်းဝယ်ယူပြီးစီးနိုင်တော့မည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးထံမှ သိရသည်။ “တောင်သူလယ်သမား အခွင့်အရေးနဲ့ အကျိုးစီးပွားကာကွယ်ရေးဥပဒေအရ ဦးဆောင်အဖွဲ့က စပါးဈေးငါးသိန်း သတ်မှတ်လိုက်တယ်။ အဲဒါနဲ့ပတ်သက်ပြီး လယ်ယာထွက်ကုန်စီမံခန့်ခွဲမှုအဖွဲ့ကနေပြီးတော့ တောင်သူလယ်သမားတွေ စပါးဈေးကျနေချိန်မှာ ဦးဆောင်အဖွဲ့ရဲ့ ကြေညာထားတဲ့အတိုင်း ဝယ်ယူနိုင်ရေးအတွက် အစည်းအဝေးခေါ်ပါတယ်။ အစည်းအဝေးနှစ်ကြိမ်ခေါ်ပြီးတဲ့အခါမှာ တိုင်းကြီးသုံးတိုင်းမှာ စပါးဝယ်မယ်လို့ ဆုံးဖြတ်ခဲ့တယ်။ ဧရာဝတီ၊ ရန်ကုန်နဲ့ ပဲခူးပေ့ါ။ ကျွန်တော်တို့ဧရာဝတီတိုင်းဒေသကြီးကတော့ နိုင်ငံတော် အရန်ငွေကြေးနဲ့ငါးဘီလျံရပါတယ်။ စီးပွား/ကူးသန်းဝန်ကြီးဌာနက ဒုတိယဝန်ကြီးဦးဆောင်တဲ့ လယ်ယာထွက်ကုန် စီမံခန့်ခွဲမှုအဖွဲ့ကနေပြီးတော့ တင်ဒါစခေါ်ပါတယ်။ တင်ဒါက ဘယ်လိုနည်းနဲ့ခေါ်လဲဆိုလို့ရှိရင် သတ်မှတ်ထားတဲ့စပါး ငါးသိန်းဈေးနဲ့ကို စပါးဝယ်ယူနိုင်ပြီးတော့ ရန်ကုန်ကို ဆန်ပြန်ပေးသွင်း နိုင်တဲ့သူတွေ တင်ဒါပေးသွင်းနိုင်တယ်ဆိုပြီးခေါ်ပါတယ်။ တိုင်းဒေသကြီး စပါးဝယ်ယူရေး ကြီးကြပ်မှုအဖွဲ့နဲ့ တင်ဒါကို ရွေးချယ်လိုက်တဲ့အခါကျတော့ ၂၃ ဦးမှာ ၁၈ ဦး ရွေးချယ်ခဲ့ပါတယ်။ တင်ဒါစည်းမျဉ်းစည်းကမ်းနဲ့အညီ တင်ဒါအောင်တဲ့ စာရင်းကို ကြေညာပေးလိုက်ပြီးနောက် စာချုပ်ချုပ်တဲ့ကိစ္စတွေ၊ Deposit တင်တဲ့ကိစ္စတွေ စတာတွေဆောင်ရွက်တဲ့အခါမှာ ၂၃ ရက်မှာ သူတို့ရဲ့တင်ပြလာတဲ့ စာချုပ်အပေါ်မှာ ၂၅ ရာခိုင်နှုန်း ငွေထုတ်ပေးခဲ့ပါတယ်။ တင်ဒါအောင်မြင်တဲ့ သူတွေကိုပေ့ါ။ နှစ်ကူးအပြီးမှာပဲ ပထမ ၂၅ ရာခိုင်နှုန်းကို ဝယ်ယူပြီးနိုင်မယ်လို့ သုံးသပ်ရပါတယ်” ဟု ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်က ပြောကြားသည်။

အခြေခံစပါးဈေး ငါးသိန်းနှုန်းဖြင့် စပါးဝယ်ယူမှုကို ဧရာဝတီတိုင်းဒေသကြီး၌ မြို့နယ် ကိုးမြို့နယ်တွင် ဆောင်ရွက်ရန်လျာထားခဲ့သော်လည်း သုံးမြို့နယ်မှာ လာရောက်တင်ဒါဆွဲမှုမရှိခဲ့သဖြင့် ကျန်မြို့နယ်ခြောက်မြို့နယ်၌ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ “ဝယ်ယူတဲ့နေရာမှာ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးက ပထမတုန်းက ကိုးမြို့နယ် သတ်မှတ်ပါတယ်။ ဟင်္သာတခရိုင်မှာဆိုရင် ဟင်္သာတ၊ အင်္ဂပူ၊ လေးမျက်နှာ၊ ဇလွန် ဖြစ်ပါတယ်။ ပုသိမ်ခရိုင်မှာဆိုရင် ရေကြည်၊ ကျုံပျော်၊ ကျောင်းကုန်းဖြစ်ပါတယ်။ မအူပင် ခရိုင်မှာဆိုရင် မအူပင်၊ ပန်းတနော် ဖြစ်ပါ တယ်။ ဒါပေမဲ့ ပန်းတနော်ရယ်၊ အင်္ဂပူရယ်၊ ဟင်္သာတရယ်က လာပြီးတင်ဒါမဆွဲခဲ့ဘူး။ ခြောက်မြို့နယ်ပဲ တင်ဒါလာဆွဲပါတယ်။ ငါးဘီလျံနဲ့ကိုက်အောင် စပါးဈေးနှုန်းငါးသိန်းအောက်ကျနေတဲ့ မြို့နယ်တွေကို ရွေးချယ်ပြီးတင်ပေးခဲ့တာဖြစ်ပါတယ်။ ပထမဝယ်တဲ့အခါမှာတင်ပဲ ဈေးနှုန်းအနည်းငယ်တက်လာတယ်။ အခုဆိုရင် အဲဒီမြို့နယ်တွေမှာ ငါးသိန်းနီးပါးလောက်ကိုရောက်နေပြီလို့ ဈေး ကွက်သတင်းအရသိရပါတယ်။ အကျိုးသက်ရောက်မှုကတော့ စပါးဈေးပြန်တည်ငြိမ်လာတဲ့သဘောရှိပါတယ်။ တင်ဒါပေးသွင်းနေတဲ့ သူတွေရဲ့ထပ်ပြီးတော့ တောင်းခံလာတဲ့အပေါ်မှာပေ့ါ၊ သူတို့တွက်ခြေကိုက်တယ်။ ငါးသိန်းအောက်ကျနေတယ်ဆိုရင် ထပ်ပြီးဝယ်မှာပါ။ သူတို့ဝယ်ဖို့လည်း ဆောင်ရွက်ရမှာပါ။ ငါးသိန်းအထက်တက်သွားလို့ရှိရင်တော့ အဖွဲ့ကဆက်ဝယ်သင့်၊ မဝယ်သင့် စဉ်းစားပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနညွှန်ကြားရေးမှူး ဦးစိုးအောင်က ပြောကြားသည်။ ဧရာဝတီတိုင်းဒေသကြီး ဆန်စပါးဝယ်ယူရေးကြီးကြပ်မှုအဖွဲ့ကို တိုင်းအစိုးရအဖွဲ့ဝင်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက ဦးစီးဆောင်ရွက်လျက်ရှိပြီး စားသုံးသူရေးရာတိုင်းဦးစီးမှူးက အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**Source:** https://news-eleven.com/article/152147

## နှစ်သစ်တွင် ပြည်တွင်းအခေါက်ရွှေဈေးတက်




ကမ္ဘာ့ရွှေဈေးမြင့်တက်လာခြင်းကြောင့် ပြည်တွင်းအခေါက်ရွှေဈေးက နှစ်သစ်တွင် တစ်ကျပ်သား ကျပ် ၁၂ သိန်းခန့်သို့ ပြန်လည်မြင့်တက်လာသည်။ ၂၀၁၉ ဒီဇင်ဘာ ၁ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်ဆယ့်တစ်သိန်းခုနစ်သောင်းကျော် (၁၁၇၇၀၀၀) ရှိခဲ့ပြီး ၂၀၂၀ ဇန်နဝါရီ ၁ ရက် နေ့လယ်တွင် ကျပ် ၁၂ သိန်းခန့် (၁၁၉၇၀၀၀)၊ ညနေတွင် ကျပ် (၁၁၉၃၀၀၀) သို့ ဈေးမြင့်တက်လာသည်။ ထို့ကြောင့် တစ်လ အတွင်း ရွှေတစ်ကျပ်သားလျှင် ကျပ်နှစ်သောင်းကျော် မြင့်တက်ခြင်းဖြစ်သည်။ “ဈေးတက်ပေမယ့် အရောင်းအဝယ်က အေးနေပါတယ်။ အရောင်းများတယ်။ အဝယ်နည်းတယ်”ဟု ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောသည်။ ပြည်တွင်းငွေလဲနှုန်းနှင့် ကမ္ဘာ့ရွှေဈေး မြင့်တက်ခြင်းကြောင့် ၂၀၁၉ စက်တင်ဘာတွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၃၀၇၀၀၀ အထိ အမြင့်ဆုံးရောက်ပြီးနောက် နိုဝင်ဘာ ၇ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂ သိန်းအောက်သို့ ထပ်မံကျဆင်းခဲ့သည်။

ရွှေဈေးကျဆင်းနေသော် လည်းမန္တလေးမြို့တွင် ရွှေတုံး၊ ရွှေခဲ ဝယ်ယူသူမရှိသလောက် နည်းပြီး လက်ဝတ်ရတနာ ရောင်းချမှု၌လည်း အနည်းငယ်သာရှိသည်ဟု မန္တလေးတိုင်းရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ထွန်းကပြော သည်။ လက်ရှိတွင် ကမ္ဘာ့ရွှေဈေးမြင့်တက်လာသော်လည်း ပြည်တွင်းဈေးကွက်၌ ဒေါ်လာဈေးကျဆင်းနေခြင်းကြောင့် ပြည်တွင်းရွှေဈေးမတက်ခြင်းဖြစ်ကြောင်း ရွှေအရောင်းအဝယ်ပြုလုပ်သူ ဦးမင်းမင်းက ပြောသည်။ ကမ္ဘာ့ရွှေဈေးသည် ယခုနှစ် ဇန်နဝါရီ ၁ ရက်တွင် တစ်အောင်စလျှင် ၁,၅၁၆ ဒေါ်လာရှိသဖြင့် ၂၀၁၉ ဒီဇင်ဘာ ၁ ရက်နှင့် နှိုင်း ယှဉ်လျှင် ရွှေတစ်အောင်စကို ၅၃ ဒေါ်လာတန်ဖိုးတက်လာခြင်းဖြစ်သည်။

**Source:** https://7day.news/174923

## ငါးနှင့်တိရစ္ဆာန် တွဲမွေးနေသည့်စနစ်ကို တရုတ်နိုင်ငံတွင် ဥပဒေအရ တားမြစ်ထားသော်လည်း မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးနေသည့်အတွက် ရင်းနှီးမြှုပ်နှံသူများကို ချပြရန်လိုဟုဆို

ငါးနှင့်တိရစ္ဆာန်တွဲမွေးသည့်စနစ်ကို တရုတ်နိုင်ငံတွင် ဥပဒေအရတားမြစ်ထားသော်လည်း မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးနေသည့်အတွက် ရင်းနှီးမြှုပ်နှံသူများကို ချပြရန်လိုကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောကြားသည်။ ထိုငါးကန်ပေါင်ပေါ်တွင် ကြက်၊ ဘဲ၊ ဝက်များနှင့် တွဲမွေးသည့်စနစ်ကို ၂၀၁၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံတွင် အချက်လေးချက်ဖြင့် ဥပဒေအရတားမြစ်ထားပြီး ထိုအချက်များတွင် တိရစ္ဆာန်များမှစွန့်သည့် မစင်များတွင် ပိုးမွှားနှင့် ကပ်ပါးကောင်များပါဝင်သဖြင့် ကန်ရှိငါးများကို စားသုံးမိပါက စားသုံးသူများကိုရောဂါကူးစက်စေပြီး အစားအသောက်ဘေးကင်းလုံခြုံမှု မရှိခြင်း၊ ဆေးယဉ်ပါးမှုနှင့် ကျန်းမာရေး ထိခိုက်နိုင်ခြင်း၊ အညစ်အကြေးများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိခြင်း၊ Green Development လုပ်ဆောင်ရန် အဟန့်အတားဖြစ်ခြင်း စသည့်အချက်များကြောင့် တားမြစ်ကြောင်း တရုတ်အစိုးရက ထုတ်ပြန်ထားသည်။ “၂၀၁၀ ခုနှစ်မှာ တရုတ်က တားမြစ်တဲ့အချိန်မှာ ဒီလုပ်ငန်းက ဒီမှာဖွံ့ဖြိုးတယ်ဆိုရင် သူတို့ရဲ့ ရင်းနှီးမြှုပ်နှံသူတွေက ဘယ်သူတွေလဲ။ ငါးကန်မှာ ငါးမွေးလိုင်စင်ပေးရင် ငါးမွေးဖို့အတွက်ပဲပေးတာ။ ကြက်မွေးဖို့အတွက်မပါဘူး။ ဒီကြက်ကို ငါးကန်ပေါ်မှာ မွေးခွင့်ကို ဘယ်သူပေးလဲ။ ဘယ်လိုလူမျိုးတွေသည် ဒီကိုလာပြီး ရင်းနှီးမြှုပ်နှံသလဲ။ ဒါသည် ဆရာမတို့သိသင့်တယ်။ အကုန်လုံးကိုသိအောင် သူတို့ချပြရမယ်” ဟု ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောကြားသည်။ လက်ရှိ ကန်ပေါင်များတွင် တိရစ္ဆာန်များ မွေးမြူမှုသည် စတီးဖရိန်များဖြင့် ခိုင်ခိုင်မာမာ ဆောက်လုပ်ထားပြီး အလုံပိတ် မွေးမြူမည်ဖြစ်ကြောင်းသိရသည်။

ကမ္ဘာ့ကူးစက်ရောဂါထိန်းချုပ်ကာကွယ်ရေးအဖွဲ့ OIE ၏ ကြေညာချက်အရ မြန်မာနိုင်ငံမှ ဆော်ဒီသို့ တင်ပို့သည့် ငါး၊ ပုစွန်များတွင် ရောဂါမကင်းစင်သည့်အတွက် ဆော်ဒီနိုင်ငံက ဧပြီ ၁ ရက်မှစတင်ကာ ယနေ့အထိ တင်ပို့ခွင့် ယာယီရပ်ဆိုင်းထားပြီး တင်ပို့ခွင့် ပြန်လည်ရရှိရန် ငါးကန်များအား အစစ်ဆေးခံဖို့ရှိနေပြီး ငါးနှင့်တိရစ္ဆာန် တွဲမွေးသည့်စနစ်များအား တွေ့ရှိပါက စာမေးပွဲကျမည့်အခြေအနေရှိကြောင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောကြားသည်။

“အိမ်နီးချင်းနိုင်ငံတွေမှာ ထိုင်းမှာလည်း မရှိတော့ဘူး။ တခြားနိုင်ငံမှာလည်း မရှိဘူး။ မရှိတော့တဲ့ စနစ်တစ်ခုကို ဘာဖြစ်လို့ မြန်မာပြည်မှာ ဖွံ့ဖြိုးနေလဲ။ ဒါသည် စဉ်းစားရမှာပေါ့နော်။ ဒီစနစ်သည် ရှိသင့်သလား မရှိသင့်သလား။ ကမ္ဘာ့ကူးစက်ရောဂါထိန်းချုပ်ကာကွယ်ရေးအဖွဲ့ (OIE) နဲ့ Internation Atomic Energy Agency (IAEA) လာရင် ကိုယ့်အစစ်ဆေးခံနိုင်သလား ဒီသက်ရောက်မှုက အရမ်းကြီးပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ငါးထုတ်ကုန်အားလုံးကို တားမြစ်ရင်ခံနိုင်မလား” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**Source:** https://news-eleven.com/article/152185

## စပါးဝယ်ယူရန် တင်ဒါအောင်သူများ သုံးလအတွင်း ဆန်ပြန်အပ်ရမည်

၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်အတွက် အခြေခံဈေးနှုန်းဖြင့် စပါးဝယ်ယူရန် တင်ဒါအောင်ထားသည့် ကုမ္ပဏီများအနေဖြင့် အစိုးရကို သုံးလအတွင်း ဆန်များပြန်ပေးအပ်ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။ "အစိုးရ သတ်မှတ်ချက်နဲ့ပြည့်စုံတဲ့ ဆန်ကိုလက်ခံပေးရမှာ။ သုံးလအတွင်း ဆန်အပ်ပေးရမယ်လို့ ကျွန်တော်တို့သိထားတယ်" ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ လက်ရှိတွင် နိုင်ငံတော်စပါးဝယ်ယူရေးအစီအစဉ်အရ တင်ဒါအောင်သူ ၄၁ ဦးရှိပြီး ရန်ကုန်၊ပဲခူး၊ဧရာဝတီတိုင်းဒေသကြီးတို့၌ ပထမဆုံးအနေဖြင့် ၈ ဒသမ ၇ ဘီလျံသုံးစွဲ၍ ဝယ်ယူသွားမည်ကို စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ေအာင်သူက လပွတ္တာမြို့နယ်၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေသခံများတွေ့ဆုံဆွေးနွေးရာတွင် တောင်သူတစ်ဦး၏ စပါးဝယ်ယူပေးရေး အစီအစဉ်နှင့်ပတ်သက်၍ မေးမြန်းချက်ကိုဖြေကြားခဲ့ပြီး ဒီဇင်ဘာ ၂၄ရက်က တင်ဒါအောင်ထားသူများကို စပါးဝယ်ယူရန် ငွေထုတ်ပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။ "ပဲခူးတိုင်းအတွက်က စပါးဝယ်ပေးဖို့ တင်းရေငါးသိန်းနှစ်သောင်း တင်ဒါအောင်ထား တယ်" ဟု တင်ဒါအောင်မြင်ထားသူတစ်ဦးကပြောသည်။

စပါးဝယ်ယူရေးကြီးကြပ်မှုအဖွဲ့သို့ ဆန်အမျိုးအစား ဧည့်မထ ၂၅ရာခိုင်နှုန်းတစ်အိတ် အသားတင်အလေးချိန် ၅၀ကီလိုဂရမ်၊ အသုံးပြုရမည့်အိတ်ခွံ ၈၀ ဂရမ် ပီနံအိတ်သစ်နှင့်ဆန်အရည်အသွေးသတ်မှတ်ချက်များမှာ ဆန်သားအနည်းဆုံး ၇၅ ရာခိုင်နှုန်းနှင့်ဆန်ကွဲအများဆုံး ၂၅ရာခိုင်နှုန်းသာရှိရမည်ဖြစ်သည်။ အစိုးရက အခြေခံစပါးဈေးနှုန်း ကျပ်ငါးသိန်းဖြင့် ဝယ်ယူပေးရန် နိုင်ငံတော်ရန်ပုံငွေ ကျပ် ၁၅ဘီလျံ သုံးစွဲမည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ မိုးစပါးစိုက်ရာသီတွင် နှစ်စဉ်စိုက်ဧက ၁၄ သန်း ခွဲခန့်ရှိပြီး စပါးတန်ချိန်အနေဖြင့် ၁၉သန်းခွဲခန့် ထုတ်လုပ်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စာရင်းများအရသိရသည်။

**Source: The Farmer Journal**

https://www.facebook.com/myanmaawba/?ref=page_internal

## သခွားမွှေးသီးနှံများ မူဆယ်ဈေးကွက်သို့ နေ့စဉ်ကားအစီးရေ(၄၀)ကျော် တင်ပို့



ချောင်းဦးမြို့နယ်အတွင်း နိုင်ငံခြားဈေးကွက်ဝင် သခွားမွှေးသီးနှံများ မူဆယ်ဈေးကွက်သို့တစ်ရက်လျှင် ကားအစီးရေ(၄၀)ကျော် တင်ပို့ပေးနေရကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဖရဲ၊ သခွားမွှေးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစိုးလွင်ထံမှသိရသည်။ ယခုနှစ်မိုးရာသီ ဖရဲသခွားမွှေးစိုက်ရာသီအစပိုင်းတွင် ဈေးနှုန်းကျဆင်းမှုနှင့်ကြုံခဲ့ရပြီး တောင်သူများအရှုံးပေါ်ခဲ့ကြောင်း၊ ဆောင်းရာသီ စိုက်ပျိုးချိန်အစပိုင်းတွင်လည်း ဈေးနှုန်းကျဆင်းခဲ့သော်လည်း ဒီဇင်ဘာလ ဒုတိယပတ်

ကုန်ချိန်တွင် ဈေးနှုန်းပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်းနှင့် ယခုအခါ သီးနှံများကို စတင်ပို့ဆောင်နေပြီဖြစ်ကြောင်း တောင်သူများထံမှသိရသည်။ "အခုနောက်ပိုင်း စိုက်တဲ့အပင်တွေက ရာသီဥတုက မိုးရေချိန်လက်မမမီတဲ့အတွက် ပျက်စီးမှု အနည်းငယ်ရှိတယ်၊ မိုးရေချိန်နည်းတော့ အရင်နှစ်ကထက် ရေပိုသွင်းရတယ်၊ ဈေးကွက်ကို ပိုရတဲ့အခြေအနေက ဒီနှစ်မှာ လမ်းပန်းဆက်သွယ်ရေးကောင်းတဲ့အတွက်အခက်အခဲမရှိဘူး၊ ဈေးကွက်အနေအထားကတော့ ပုံမှန်အနေအထားပဲရှိတယ်၊ အခုလက်ရှိအမြင့်ဆုံးဈေးနှုန်းက တစ်ကီလိုကို(၈၅၀)ကျပ် ဝန်းကျင်လောက်နဲ့ အနိမ့်ဆုံး ဈေး(၄၀၀)ကျပ် လောက်ထိရှိနေတယ်၊ အခုဈေးနှုန်းအတိုင်းဆို စိုက်ရတဲ့အခြေအနေက တစ်ဧကမှာ အသီး(၁၀)တန်လောက်ထွက်တဲ့ တောင်သူက တစ်ကီလို (၈၅၀)ကျပ်နှုန်းရောင်းရမှ အရင်းလောက်ပဲရမယ်၊ မျိုးစေ့ဈေးနှုန်းကလည်းကြီးတော့ တောင်သူတွေအနေနဲ့ ကုန်ကျစရိတ်က မြင့်လာတယ်၊ အခုသီးနှံထွက်ရှိမှုက ဆင်ရွှေမျိုးက တစ်ဧကစိုက်ကို ကားပေါ်အရောက်၊ မော်တော်ယာဉ်ခ အပါဝင် ငွေကျပ်သိန်း (၈၀)ဝန်းကျင်ကုန်ကျမှုရှိတယ်၊ အခုဈေးနှုန်းနဲ့ဆိုရင် တစ်ဧကကိုအသီး တန်ချိန်(၁၀)တန် အထက်ထွက်မှအမြတ်ကျန်နိုင်မယ်၊ အခုမူဆယ်ဈေးကွက်ကိုလည်း စတင်ပို့နေပြီ"ဟု သခွားမွေးစိုက်တောင်သူ ဦးကျော်လွင်ကပြောသည်။ စစ်ကိုင်းတိုင်း ဒေသကြီးတွင် ယခုနှစ်သခွားမွေးစိုက်ရာသီတွင် သခွားမွေးဧက(၃၀၀၀၀)ကျော်စိုက်ပျိုးလျက်ရှိရာ ချောင်းဦးမြို့နယ်အတွင်း ဧက (၁၀၀၀၀)ကျော် စိုက်ပျိုးလျက်ရှိကြောင်းနှင့် မော်တော်ယာဉ်ကြီးများဖြင့် ထွက်ရှိသောသီးနှံများကို မူဆယ်ဈေးကွက်သို့ အများဆုံးပို့ဆောင်ရကြောင်း သိရသည်။

**Source:** https://www.moi.gov.mm/iprd/ ?q= news%2F%E1%80% 95%E1% 80%BC% E1%80%8A%E1%80%BA% E1 %8

## တရုတ်ကို ရေထွက်ကုန် စာချုပ်ချုပ်တင်ပို့မည်

နှစ်နိုင်ငံစာချုပ်ချုပ်ဆိုပြီး တရုတ်နိုင်ငံကို ရေထွက်ကုန်တင်ပို့မယ်လို့သိရပါတယ်။ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက "နဂိုကတော့ ဘာမှသဘောတူညီမှုမရှိဘူး၊ ဒီတိုင်းသွားနေတာ၊ အခု ကတော့ သဘောတူညီမှုမရှိဘဲ သွားလို့မရတော့မယ့် အနေအထားရောက်လာတယ်၊ အဲဒီအတွက် သူတို့နဲ့စာချုပ် ချုပ်ရမယ်"လို့ ပြောပါတယ်။ လက်ရှိမှာတော့ တရုတ်နိုင်ငံရှိ အကောက်ခွန်အာဏာပိုင် အဖွဲ့ (GACC) က စာချုပ်ပေးပို့ ထားပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့က စာချုပ်ပါပြင်ဆင်လိုတဲ့အချက်တွေနဲ့ပတ်သက်ပြီး ပြန်လည်ညှိနှိုင်းဖို့ရှိတယ်လို့ သိရပါတယ်။ ညှိနှိုင်းပြီးရင်တော့ သက်ဆိုင်ရာရှေ့နေချုပ်ရုံးနဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ရဲ့ သဘောထားမှတ်ချက်ရယူပြီး စာချုပ်လက်မှတ်ရေးထိုးမှာဖြစ်ပါတယ်။ တရုတ်နိုင်ငံကို ငါးတင်ပို့မယ့် ကုမ္ပဏီတွေက လည်း GACC မှာ မှတ်ပုံတင်ရမယ်လို့ သိရပါတယ်။

လက်ရှိမှာ တရုတ်ကို မြန်မာ့ရေထွက်ကုန်တွေ ဘဏ္ဍာနှစ်တစ်နှစ်မှာ အမေရိကန်ဒေါ်လာသန်း ၃၀၀ ဝန်းကျင်ခန့် တင်ပို့နေတယ်လို့ သိရပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ အီးယူကခွင့်ပြုထားတဲ့ မွေးမြူရေး ငါးနဲ့ ပုဇွန်တွေကိုလည်း ဆော်ဒီနိုင်ငံကို တင်ပို့နိုင်ရေး ဆောင်ရွက်နေပါတယ်။ ဦးမြင့်ဇင်ထူးက "အခု သူတို့က မွေးမြူရေးကဟာတွေ ပိတ်ထား တယ်၊ အဲဒီမှာ အီးယူကခွင့်ပြုထားတဲ့ မွေးမြူရေးငါးတွေ မပါသင့်ဘူး၊ အဲဒါကြောင့်မို့ပါ" လို့ ပြောပါတယ်။ ဆော်ဒီနိုင်ငံ အနေနဲ့ မြန်မာ့ရေထွက်ကုန်တင်သွင်းမှုကို ပိတ်ပင်ထားတာ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် ကတည်းကဖြစ်ပါတယ်။ လက်ရှိမှာ တော့ အီးယူကခွင့်ပြုထားတဲ့ မွေးမြူရေးငါးနဲ့ပုဇွန်တွေကို တင်ပို့ခွင့်ရဖို့ ဆော်ဒီ သံရုံးကတစ်ဆင့် အကြောင်းကြား ထားတယ်လို့ သိရပါ တယ်။

ရေထွက်ကုန် အားလုံးပြန်ပို့ခွင့်ရဖို့ကတော့ အချိန်ယူရမယ်လို့ ဦးမြင့်ဇင်ထူးကပြောပါတယ်။ အရင်က မြန်မာ့ ရေထွက်ကုန် တွေကို ဆော်ဒီကို ဘဏ္ဍာနှစ်တစ်နှစ်မှာ အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော်ဖိုး တင်ပို့ခဲ့တယ်လို့သိရပါ တယ်။ ပြီးခဲ့တဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က ပြည်ပကိုရေထွက်ကုန်တင်ပို့မှုကနေ အမေရိကန် ဒေါ်လာ ၇၂၈ သန်းကျော်ရရှိပါတယ်။ အခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာတော့ အမေရိကန်ဒေါ်လာသန်း ၁၇၀ ကျော် ရရှိထားပြီးဖြစ်ပါတယ်။ သည်နှစ်အတွက် လျာထားချက်က ဒေါ်လာ သန်း ၅၀၀ ဝန်း ကျင်လို့သိရပါတယ်။

**Source:** https://www.kumudranews.com/news-36617

## ဗန်းမော်ဒေသအတွင်းမှာ တရုတ်နိုင်ငံက ဒေသခံတောင်သူတွေနဲ့ အကျိုးတူပူးပေါင်းကြံစိုက်

သည်နှစ်ကြံရာသီမှာ ပြည်တွင်းက ကြံတောင်သူတွေ အခက်အခဲအမျိုးမျိုးနဲ့ အရှုံးပေါ်နေတာကြောင့် ကြံအသစ်စိုက်တာ လျော့နည်းသွားပေမဲ့ တရုတ်နိုင်ငံက ဗန်းမော်ဒေသမှာ ဒေသခံတောင်သူတွေနဲ့အကျိုးတူပူးပေါင်း ကြံစိုက်တာတွေရှိတယ်လို့ မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းက သိရပါတယ်။ အခုလာမယ့် ၂၀၂၀-၂၀၂၁ ကြံရာသီအစမှာ တရုတ်နိုင်ငံဘက်မှာလည်း ကြံစိုက်ပျိုးတာလျော့ နည်းနေတာကြောင့် မြန်မာနိုင်ငံ ဗန်းမော်ဒေသဘက် အခြမ်းမှာ ဧက ၆၀၀၀ ခန့် စိုက်ပျိုးထားပြီးဖြစ်တယ်လို့ အသင်းရဲ့ ဒုဥက္ကဋ္ဌဦးဝင်းငွေက ပြောပါတယ်။ သူက "အရင်ကသူတို့က လွယ်ဂျယ်ဘက်မှာ လာစိုက်တာ၊ အခုက တရုတ်ဘက်မှာလဲ ဆေးရွက်ကြီးတို့ တခြားသီးနှံတွေက ဈေးပိုရကြတော့ ကြံစိုက်တဲ့သူ နည်းသွားတယ်၊ အဲဒါကြောင့် စိုက်စရာနေရာလဲ ကျပ်တဲ့အတွက် ဒီဘက်ကို လာစိုက်ကြတာ၊ တောင်သူတွေနဲ့ အကျိုးတူလာစိုက်ကြတာပေါ့"လို့ ပြောပါတယ်။

မြန်မာနိုင်ငံက ကြံတောင်သူတွေကလည်း ပြီးခဲ့တဲ့ကြံရာသီမှာ ကြံအသစ်စိုက်တဲ့ ကြံတောင်သူတွေ ဈေးကွက်အတွင်းမှာ သကြားဈေးနိမ့်ကျနေတာကြောင့် အရှုံးပေါ်ခဲ့ပြီး နောက်တစ်နှစ်အတွက် ကြံအသစ်စိုက်ရာသီရောက်နေပေမဲ့ ကြံအသစ်စိုက်တဲ့ တောင်သူမရှိသလောက် နည်းပါးနေတယ်လို့ ကြံတောင်သူကိုယ်စားလှယ်တွေက ပြောပါတယ်။ ပြည်တွင်းသကြားဈေးကွက် အခြေအနေက ပြည်ပကတရားမဝင် ဝင်ရောက်နေတဲ့ သကြားတွေနဲ့ လုပ်ငန်းသုံးဆိုပြီး လိုအပ်တာထက် ပိုတင်သွင်းထားတဲ့ သကြားတွေ ဈေးကွက်ထဲကို ရောင်းချနေတာက ကြံစိုက်တောင်သူတွေ အရှုံးပေါ်စေတယ်လို့ သိရပါတယ်။ အဲဒါအပြင် ၂၀၁၈ ခုနှစ်က ခွင့်ပြုပေးခဲ့တဲ့ re-export လိုင်စင်နဲ့ သကြားတွေက တရုတ်ကမဝယ်တာကြောင့် ပြည်တွင်းမှာ ဈေးချရောင်းနေတာကြောင့် ပြည်တွင်း ဈေးကောင်းမရခဲ့တာ ဖြစ်ပါတယ်။

ပြည်တွင်းက စက်ရုံတွေသကြားရောင်းချရမှု နည်းပါးနေတာကြောင့် ကြံတောင်သူတွေ ဈေးကောင်းမရဘဲ တစ်တန်ကို ကျပ် ၃၈၀၀၀ သာရပါတယ်။ကသာ၊ ထီးချိုင့်၊ ငါးအိုးဒေသက ကြံတောင်သူတွေက တရုတ်နိုင်ငံက ကုန်ကြမ်း အတိုင်း ဝယ်ယူနေတာကြောင့် ပြည်တွင်းစက်ရုံအပြင် လွယ်ဂျယ်အရောက် တစ်တန်ကို ကျပ် ၈၅,၀၀၀ ဈေးနဲ့ သွားရောက်ရောင်းချမှုတွေလည်း ရှိပါတယ်။

**Source:** https://www.kumudranews.com/news-36606

## လက်မှုထုတ်ကုန်ပန်းပုရုပ်တွေ ပြည်ပတင်ပို့ဖို့ ခက်ခဲနေ



မြန်မာ့ရိုးရာပန်း၁၀ မျိုးထဲကတစ်မျိုးဖြစ်တဲ့ပန်းပုလုပ်ငန်းက ပန်းပုရုပ်တွေကို ပြည်ပတင်ပို့ရာမှာ အခက်အခဲတွေရှိနေတာကြောင့် ပြည်တွင်းဈေးကွက်ကိုပဲ အားထားနေရတယ်လို့ မန္တလေးတိုင်းဒေသကြီး ပန်းပုအစုအဖွဲ့ အသင်းက သိရပါတယ်။ ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချ နိုင်ရင် ဈေးကွက် ကောင်းမွန်ပြီး ပြည်တွင်းပန်းပုလုပ်ငန်း ပိုမိုတွင်ကျယ်လာမှာဖြစ်တဲ့အပြင် နိုင်ငံတော်အတွက် အခွန်ငွေရရှိမှာဖြစ်လို့ တင်းကျပ်ထားတဲ့ အချက်အချို့ ကို ဖြေလျှော့ပေးစေချင်ကြောင်း အသင်းဥက္ကဋ္ဌဦးကိုလေးက ပြောပါတယ်။ သူက "ပြည်ပပို့မယ်ဆိုရင် အသုံးပြုထားတဲ့ကုန်ကြမ်းက သစ်တောကနေ ဝယ်ထားတဲ့ သစ်ဖြစ်ကြောင်း ထောက်ခံစာလိုတယ်၊ အဲဒါက အဓိက အခက်အခဲ ဖြစ်တယ်၊ ကျွန်တော်တို့သစ်တွေက အဲဒီကရောင်းတဲ့သစ်ကို ပရိဘောဂဆိုင်တွေနဲ့ဈေးပေးပြီး အပြိုင်မဝယ်နိုင်ဘူး၊ မီးလောင်သစ်ငုတ်တွေ၊ အုတ်ဖိုတို့လောင်စာဖိုတို့က ကျွန်တော်တို့အတွက် အသုံးဝင်မယ့်သစ်တွေကို ပြန်ဝယ် ရတာ၊ အဲ ဒီတော့ ထောက်ခံစာကမရနိုင်တော့ ပို့ခွင့်မရတော့ဘူး"လို့ ဆိုပါတယ်။

ပန်းပုထုတ်ကုန်တွေကို ကျသင့်တဲ့အခွန်ဆောင်ပြီး ပြည်ပတင်ပို့ခွင့်ရမယ်ဆိုရင် ပြည်တွင်း အသေးစားလက်မှု လုပ်ငန်းတစ်ခုအနေနဲ့ တွင်ကျယ်လာနိုင်တယ်လို့ဆိုပါတယ်။ အောင်နိုင်သူ ပန်းပုလုပ်ငန်းက ဦးမျိုးသန့်က "ကျွန်တော်တို့က တရားဝင်အခွန်ဆောင်ပြီး ပို့ချင်တယ်၊ ဒါမှလဲ ဒီလက်မှုလုပ်ငန်းဖြစ်ထွန်းမှာ ဖြစ်တယ်၊ ခုက အဓိကအခက်အခဲကတော့

ကုန်ကြမ်းပြဿနာပဲ၊ ကုန်ကြမ်းကို ဘယ်ကရလဲဆိုတာက အရေးကြီးနေတယ်၊ ကျွန်တော်တို့က ဈေးကြီးပေးပြီးမဝယ်နိုင်ဘူး၊ ပန်းပုထုလို့ရနိုင်တာကို တခြားမီးဖိုတွေ၊ လောင်စာသမားတွေ၊ မျောတိုင်တွေကနေ အဆင်ပြေမယ်ထင် တာပြန်ရှာရတာ”လို့ ပြောပါတယ်။

မြန်မာ့လက်မှုအနုပညာပစ္စည်းတွေပြည်ပကိုတိုးမြှင့်တင်ပို့နိုင်ဖို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနဲ့ ချိတ်ဆက်လုပ်ဆောင်နိုင်ကြောင်း ဒီဇင်ဘာလ ၂၀ ရက်နေ့က မင်္ဂလာမန္တလေးမှာ ကျင်းပတဲ့ စတုတ္ထအကြိမ်မြောက် အသေးစားစက်မှုလက်မှုနှင့် မြန်မာ့ရိုးရာပန်း ၁၀ မျိုးလက်မှုအနုပညာပြပွဲမှာ အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောကြားထားပါတယ်။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနဟာ မြန်မာ့လက်မှုအနုပညာပစ္စည်း ပို့ကုန်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေပြီး လက်မှုအစုအဖွဲ့ ၁၀ ဖွဲ့က လက်မှုအနုပညာပစ္စည်းတွေ ပြည်ပကို တင်ပို့နိုင်ဖို့ ဆောင်ရွက်နေတယ်လို့ ညွှန်ကြားရေးမှူး ချုပ် ဦးခွန်အေးကျော်ကပြောပါတယ်။

**Source:** https://www.kumudranews.com/news-36595

## ၂၀၂၀ နှစ်စ ဖရဲဈေးကွက်အကောင်းဘက်ကို ဦးတည်

လာမယ့် ၂၀၂၀ နှစ်စ ဖရဲဈေးကွက်အခြေအနေက အကောင်းဘက်ကို ဦးတည်နေတယ် လို့ မူဆယ် ၁၀၅ မိုင်ရှိ သစ်သီးပွဲရုံအချို့က ခန့်မှန်းပါတယ်။ မူဆယ် ၁၀၅မိုင် ကုန်သွယ်ရေးဇုန် ခွာညိုသစ်သီးပွဲရုံပိုင်ရှင် စိုင်းခင်မောင်က “၂၀၂၀ရဲ့ အစပိုင်းမှာတော့ တရုတ်နှစ်သစ်ကူးဈေးကွက်အကြိုနဲ့ဆုံသွားမှာပေါ့၊ ဈေး ကွက်အနေအထားကတော့ လက်ရှိ၂၀၂၀ကို စဝင်ဝင်ချင်းကတော့ အကောင်းဆုံးဈေးကွက်နဲ့ စဖွင့်မှာပဲ၊ တရုတ်နှစ်သစ်ကူးအလွန် ဈေးကွက်မှာတော့ ဒီဘက်ကစိုက်အားတွေက ပိုထွက်လာမှာဖြစ်တဲ့အတွက် ဖရဲဈေးကနည်းနည်းပြန်ကျ သွားနိုင်တယ်၊ ဈေးကွက်နည်းနည်းထိခိုက်နိုင်တယ်”လို့ ပြောပါတယ်။

ဒီဇင်ဘာ ၃၀ ရက်နေ့ဖရဲဈေးကွက်အနေအထားဟာ ဂျပ်ဖာဖရဲ တွေရဲ့ ထိပ်စဈေးက တစ်ကီလိုကို ၃.၆ ယွမ် ကနေ ၃.၇ ယွမ်အထိ ရှိပါတယ်။ ၂၀၂၀ ခုနှစ် တရုတ်နှစ်သစ်ကူးမတိုင်ခင်မှာ တစ်ကီလိုကို လေးယွမ် အထိ ဈေးမြင့်လာမယ်လို့ ခန့်မှန်းထားပါတယ်။ ဒါ့အပြင် ဝမ်းပုံဖရဲ ၈၅ ဖရဲ ၁၅ တန်စီးပြတ် တစ်စီး ကို ဒီဇင်ဘာ ၃၀ ရက်ေဈေးက ယွမ် ၄၀၀၀၀ အောက်မှာရှိနေပြီး တရုတ်နှစ်ကူး မတိုင်ခင်မှာ ယွမ် ၄၀၀၀၀နဲ့အထက် ဈေးဖြစ်နိုင်တယ်လို့ သစ်သီးပွဲရုံအချို့က ခန့်မှန်းပါတယ်။ “၂၀၂၀ ဖရဲဈေးကွက်က အရည်အသွေးက ဦးဆောင်သွားတဲ့ ဈေးကွက်ဖြစ်သွားမယ်၊ အရည် အသွေး သိပ်မကောင်းဘဲနဲ့အရေအတွက်တွေကြီးပဲ လိုမ့်ဝင်နေမယ်ဆိုရင် ဈေးတန်းတွေကနိမ့်ကျသွားနိုင်တယ်၊ အကျိုးအမြတ်မရှိဘူး၊ ကိုယ့်ရဲ့ပစ္စည်း အရည်အသွေးကို ဂရုစိုက်ဖို့လိုတယ်၊ သူ့ရဲ့ထားသိုမှု၊ ရိတ်သိမ်းချိန်လွန် နည်းပညာတွေနဲ့ ဈေးကွက်ဝင် အရည်အသွေးတွေနဲ့ လေ့လာပြီးတင်တာကောင်းတယ်၊ စီးပြတ်ကဖြတ်လိုက်တယ်၊ အပေါ်ယံပြည့်ပြီး အောက်မှာရောက်မှ အရည်အသွေးမမီလို့ ပြန်အန်ကြမယ်ဆိုရင်နစ်နာတယ်၊ ယုံကြည်မှုနဲ့ရောင်းရတာဆိုတော့ ”လို့ စိုင်းခင်မောင်က ပြောပါတယ်။

ဒီလိုဖရဲသီးတွေ တင်ပို့နေတာတွေနဲ့ပတ်သက်ပြီး ပို့ကုန်အရည်အသွေးနည်းပါးတဲ့ ဖရဲသီးတွေ ကားခမရတာ တွေကြောင့် တောင်သူ၊ ကားသမားနဲ့ ပွဲရုံသုံးပွင့်ဆိုင် ရင်ဆိုင်ကြရမယ့်အခက်အခဲတွေ၊ အငြင်းပွားမှုတွေ ပိုမို များပြား လာနိုင်ပါတယ်။ တောင်သူပို့ကုန်လုပ်ငန်းရှင်တွေအနေနဲ့ ဈေးကွက်တောင်းဆိုတဲ့အနေအထားအရ အရည်အသွေးမီ ဖရဲသီးတွေကိုသာ စိစစ်ပို့သင့်ပါတယ်။ ဈေးကွက်ပျက်နေတဲ့အခြေအနေနဲ့ သတင်းအချက်အလက်ကို သေချာစုံစမ်းပြီး သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်တွေအပြင် အခြားကုန်ကျစရိတ်တွေကို တွက်ချက်ပြီးမှသာ စိစစ်တင်ပို့သင့်တယ်လို့ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် သစ်သီးဝလံကုန်စည်ဒိုင်က နိုဝင်ဘာ ၁၀ ရက်နေ့မှာ သဘောထားထုတ်ပြန်ပါတယ်။ ဒီဇင်ဘာ ၃၀ ရက်နေ့ တရုတ်ငွေလဲလှယ်နှုန်းက တရုတ်တစ် ယွမ်ကို ၂၀၉ ကျပ်ရှိနေပါတယ်။

**Source:** https://www.kumudranews.com/news-36591



## မန္တလေးဈေးကွက်မှာ ဆိတ်အရောင်းအဝယ်အေး

တရုတ်နှစ်သစ်ကူးချိန်နီးလာပေမဲ့ မန္တလေးဆိတ် ဈေးကွက် မှာ အရောင်းအဝယ်အေးနေတယ်လို့ မန္တလေးတိုင်း ကျွဲ၊ နွား၊ သိုး၊ ဆိတ် ရောင်းချသူများအသင်းက သိရပါတယ်။ ပြီးခဲ့တဲ့နှစ် ဇန်နဝါရီလစပိုင်းတွေမှာ တရုတ်အဝယ်ကြောင့် ဈေးကွက် အတွင်း အရောင်းအဝယ်သွက်ခဲ့ပေမဲ့ လက်ရှိအချိန်မှာ အရောင်း အဝယ် တန့်နေတယ်လို့ ဆိုပါတယ်။

မန္တလေးတိုင်း ကျွဲ၊ နွား၊ သိုး၊ ဆိတ်ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ကိုထက်သူအောင်က "စီးပွားရေးတော်တော် ကျဆင်းတဲ့ပုံစံဖြစ်နေတယ်၊ ဘယ်လိုမှ တွက်ခြေမကိုက်တဲ့ အနေအထားကို သွားနေတာပေါ့၊ တကယ်တမ်းဆိုတရုတ်အစိုးရနဲ့ မြန်မာအစိုးရနဲ့ သဘောတူညီချက်တွေလုပ်ပြီး လုပ်သင့်တာပေါ့၊ ခုကျတော့ ခိုင်မာတဲ့ဈေးကွက်မရှိတော့ မွေးမြူရေးလုပ်ငန်းသမားတွေအနေနဲ့ အားမလိုအားမရ ဖြစ်နေတာပေါ့"လို့ပြောပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၉ခုနှစ် ဇန်နဝါရီလအတွင်းမှာ တစ်ပေါင်ကို ၃၀၀၀ ကနေ ၃၂၀၀ ဈေးအထိ ရောက်ခဲ့ပါတယ်။ ဒါပေမဲ့ လက်ရှိအချိန် မန္တလေးဈေးကွက်မှာ တစ်ပေါင်ကို ၂၂၀၀ ဈေးသာရှိနေတယ်လို့ သိရပါတယ်။ တောင်သူတွေအနေ နဲ့ တစ်ပေါင် ကို ၂၅၀၀ ဈေးအထိ ရောက်လာလိမ့်မယ်လို့ မျှော်လင့်နေပါတယ်။

လက်ရှိ ဈေးကွက်အနေအထားက ကြိုက်ရောင်းကြိုက်ဝယ်အနေအထားပါ။ ခိုင်မာတဲ့ဈေးကွက်တစ်ခု ကို အစိုးရကနေ ဖော်ဆောင်ပေးစေလိုတယ်လို့ဆိတ်မွေးတောင်သူတွေကဆိုပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်းမှာဆိတ်ကို ကျောက်ဆည်၊ မြင်းခြံ၊ နွားထိုးကြီး၊ တံတားဦးမြို့နယ်တွေမှာ အဓိကမွေးမြူကြပါတယ်။

**Source:** https://www.kumudranews.com/news-36590

## စီးပွားရေးသံမှူးရုံး (နန်နင်းမြို့)တွင် မြန်မာ့သရက်သီးများကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် နားလည်မှုစာချွန်လွှာတစ်ရပ် လက်မှတ်ရေးထိုးနိုင်ခဲ့

မြန်မာနိုင်ငံမှထွက်ရှိသော တစ်ဝက်တစ်ပျက်ပြုပြင်ထုတ်လုပ်ထားပြီးဖြစ်သော သရက်သီးများကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် နားလည်မှုစာချွန်လွှာတစ်ရပ်အား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ(၁၂) ရက်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့ရှိ မြန်မာစီးပွားရေးသံမှူးရုံး၌ မြန်မာနိုင်ငံမှ Myanmar Golden Produce Co.,Ltd.နှင့် တရုတ်နိုင်ငံမှ Gangxi Bao Sauce Garden Food Co., Ltd. တို့လက်မှတ် ရေးထိုးခဲ့ကြပါသည်။ ၎င်းနားလည်မှု စာချွန်လွှာအရ လာမည့် ၂၀၂၀ ပြည့်နှစ်၊ မေလမှ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လအကြား မြန်မာနိုင်ငံမှ တစ်ဝက်တစ်ပျက်ပြုပြင်ထုတ်လုပ်ထားသော သရက်သီးကုန်ကြမ်းများကို မြန်မာနိုင်ငံ၊ ရန်ကုန်ဆိပ်ကမ်းမှ တရုတ်နိုင်ငံ၊ ချင်းကျိုး ဆိပ်ကမ်းသို့ အအေးခန်း ကုန်သေတ္တာများဖြင့် တင်ပို့ရောင်းချသွားရန် ရည်ရွယ်ထားပါသည်။ ထိုကဲ့သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် နားလည်မှု စာချွန်လွှာတွင် လက်မှတ်ရေးထိုး ကြသော ကုမ္ပဏီနှစ်ရပ်တို့အကြား ထုတ်လုပ်မှုနည်းပညာ၊ ဈေးနှုန်းနှင့်အရည်အသွေး စံချိန်စံနှုန်းများကို ဆက်လက်ဆွေးနွေးသွားကြမည် ဖြစ်ပါသည်။ လက်ရှိအချိန်၌ မြန်မာနိုင်ငံမှတင်ပို့သော သရက်သီးမှာ တရုတ်နိုင်ငံ၏ အကောက်ခွန်စာရင်းတွင် ပါဝင်ပြီးဖြစ်ကာ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့မှုကို ခွင့်ပြုထားပါသည်။ တရုတ်နိုင်ငံ၏ အကောက်ခွန်စာရင်းတွင် ပါဝင်ပြီးဖြစ်သည့်အတွက် ပင်လယ်ရေကြောင်းမှ တင်ပို့ခွင့် ရ၊ မရနှင့် ဆိပ်ကမ်းမှ တင်ပို့ပါက ( အစိုးရနှင့် ပုဂ္ဂလိက ကုမ္ပဏီများမှ) မည်သည့်လိုအပ်ချက်များ ဆောင်ရွက်ပေးရမည်ကို နန်နင်းမြို့ရှိ စီးပွားရေး သံမှူးရုံးမှ အစိုးရဌာနအချင်းချင်းချိတ်ဆက်လျက် ဆက်လက်မေးမြန်းပေးကာ၊ နှစ်နိုင်ငံကုန်သွယ်မှုမြင့်တင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေး သွားမည်ဖြစ်ပါသည်။ အကယ်၍ တရုတ်အကောက်ခွန်စာရင်းတွင် ပါဝင်ပြီးဖြစ်သည့်၊ နယ်စပ်ဒေသမှ တင်ပို့ခွင့်ရရှိထားသော သစ်သီးဝလံများကို ပင်လယ်ရေကြောင်းမှတင်ပို့နိုင်ရေးအတွက် မြန်မာနိုင်ငံအစိုးရဌာနဘက်မှ ညှိနှိုင်း ဆောင်ရွက်ပေးရမည်ဟုသိရှိပါက အစိုးရအချင်းချင်း ဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

Source: စီးပွားရေးသံမှူး-နန်နင်း

## အိန္ဒိယနိုင်ငံ၌ စားတော်ပဲတင်သွင်းမှု လျော့ချကန့်သတ်ခြင်း

အိန္ဒိယနိုင်ငံတွင် ကန့်သတ်တင်သွင်းကုန်စည်အဖြစ် သတ်မှတ်ထားသည့် စားတော်ပဲ (HS code 07131000) အုပ်စုဝင်ပဲများတင်သွင်းမှုကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း တန်ချိန် ၁ ဒသမ ၅ သိန်း တင်သွင်းရန် ဗဟိုအစိုးရက ခွဲတမ်းသတ်မှတ်ထားရှိသော်လည်း ဒေသန္တရ တရားရုံးများ၏ ခွင့်ပြုမိန့်ဖြင့် တင်သွင်းမှုများက တန်ချိန် ၅ ဒသမ ၅ သိန်းအထိ ရောက်ရှိ ခဲ့သည်။ သို့ဖြစ်ရာ အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနသည် စားတော်ပဲ တင်သွင်းမှုအား ထပ်မံလျော့ချကန့်သတ်သည့် အမိန့်ကြော်ငြာစာတစ်စောင်ကို ၁၈.၁၂.၂၀၁၉ နေ့တွင် ထုတ်ပြန်လိုက်ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာအရ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် စားတော်ပဲများအား ဆိပ်ကမ်းအရောက်တန်ဖိုး ၁ ကီလိုဂရမ်လျှင် ရူပီးငွေ ၂၀၀ အနိမ့်ဆုံးနှုန်းထား သတ်မှတ်ချက် (Minimum Import Price) ဖြင့် ကိုလ်ကတ္တားမြို့ ဆိပ်ကမ်းမှသာ တင်သွင်းခွင့်ရရှိတော့မည်ဖြစ်သည်။ သို့ဖြစ်ရာ စားတော်ပဲအပေါ် လက်ရှိကောက်ခံလျက်ရှိသော သွင်းကုန်ခွန် ၅၀% သတ်မှတ်ချက်အရ တင်သွင်းလာမည့် စားတော်ပဲ ၁ ကီလိုဂရမ်လျှင် မူရင်းဈေး ရူပီးငွေ ၃၀၀ ရှိမည်ဖြစ်ပြီး၊ သယ်ယူပို့ဆောင်စရိတ်နှင့် အခြားသော စရိတ်စကများ ထပ်ဆောင်းပါက ပြည်တွင်းဈေးကွက်၌ရောင်းချရာတွင် ရူပီး ၃၃၀ မှ ၃၄၀ အကြား ကျသင့်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ၌ စားတော်ပဲကို မိုးသီးနှံအဖြစ်စိုက်ပျိုးပြီး နိုဝင်ဘာ/ ဒီဇင်ဘာလများ၌ ထွက်ပေါ်လေ့ရှိသော်လည်း ပဲလုံးအစိုအဖြစ်သာထုတ်လုပ်မှုရှိသည်။ စားတော်ပဲအုပ်စုဝင် ပဲအခြောက်များအား ပြည်ပမှသာတင်သွင်းပြီး နှစ်စဉ်ပြည်တွင်းဈေးကွက်၌ လိုအပ်ချက်မှာ ပျမ်းမျှအားဖြင့် တန်ချိန် ၂ ဒသမ ၅ သိန်းခန့်ရှိသည်။ ယခင်လများ၌ လက်လီဈေးကွက် ရောင်းဈေး ၁ ကီလိုဂရမ် လျှင် ၄၅ ရူပီးခန့်ရှိသော စားတော်ပဲအဝါ (Yellow Pea) သည် ဒီဇင်ဘာလဆန်းပိုင်းတွင် ရူပီး ၁၀၀ ခန့်အထိ ဈေးနှုန်းများမြင့်တက်ပြီး တင်သွင်းမှု ပိုမိုများပြားလာခဲ့သည်။ သို့ဖြစ်ရာ စားတော်ပဲနေရာတွင် အရန်လက်ကျန်တန်ချိန် ၁ ဒသမ ၅ သန်းခန့်ရှိသော ကုလားပဲအားဈေးကွက်တောင်းဆိုချက်မြင့်တက်လျက် အစားထိုးစားသုံးလာစေရန် အစိုးရက ယခုကဲ့သို့ ကြေညာချက်ထုတ်ပြန်ကန့်သတ်လိုက်ခြင်းဖြစ်ကြောင်း သုံးသပ်ရသည်။

စားတော်ပဲသည် ပြည်ပမှသာ တင်သွင်းရရှိနိုင်သည့် ကုန်စည်အမယ်ဖြစ်ပြီး ပြည်တွင်း ဈေးကွက်အတွင်း ၎င်း၏နေရာ၌ အစားထိုးနိုင်သည့် ထုတ်ကုန်မရှိသဖြင့် ပြည်တွင်းစားသုံးသူ များအတွက် အနိမ့်ဆုံးအားဖြင့် စားတော်ပဲအစိမ်း (Green Pea) ကို ကန့်သတ်ကုန်စည်အဖြစ်မှ ပယ်ဖျက်လျက် ဆိပ်ကမ်းအရောက်တန်ဖိုး ၁ ကီလိုဂရမ်လျှင် ရူပီးငွေ ၂၀၀ အနိမ့်ဆုံးနှုန်းထား သတ်မှတ်ချက်ကို ဖြေလျော့ပေးရန် အိန္ဒိယပဲမျိုးစုံနှင့်ကောက်ပဲသီးနှံအသင်း (IPGA) က အစိုးရထံတောင်းဆိုထားသည်။ ယခုအခါ အိန္ဒိယပဲကုန်သည်များအနေဖြင့် ၎င်းတို့၏ ပြည်ပကုန်သွယ်ဘက်လုပ်ငန်းရှင်များနှင့်စားတော်ပဲဝယ်ယူမှု စာချုပ်အသစ်များ ထပ်မံချုပ်ဆိုမှုမပြုကြောင်း၊ လက်ရှိတင်သွင်းရန်ကျန်ရှိသည့် ကုန်သေတ္တာများကိုလည်းတင်သွင်းမှုမပြုပဲ အစိုးရက ဖြေလျော့ပေးမည့် အခြေအနေကို စောင့်ဆိုင်းလျက်ရှိကြောင်းသိရှိရသည်။

စီးပွားရေးသံမှူး-အိန္ဒိယ

Source: 1. Pea price doubles in a week as imports grind to a halt over govt curbs, 26 Dec 2019, Business Standard

2. Notification No.37/2015-2020, 18 Dec 2019, Ministry of Commerce and Industry of India

# STOCK EXCHANGE (2.1.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 2nd Jan. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,000 | 11,000 | 145 | 1,595,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,900 | +50 | +1.30% | 3,850 | 3,900 | 3,850 | 6,101 | 23,507,750 | 38,929,150 | 151,824 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 23 | 188,600 | 10,400,986 | 85,288 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 1,047 | 24,081,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,950 | +50 | +1.72% | 2,950 | 2,950 | 2,950 | 1 | 2,950 | 12,823,224 | 37,829 |

## Market summary

As of 2nd Jan. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 460.11 | +1.89 | +0.41% | 458.22 | 460.11 | 458.22 | 7,317 | 49,375,300 | 5 | 630,038 |

### Index chart




# Market Overview

As of 1:00 pm, 2nd Jan. 2020

| MYANPIX | 460.11 ▲ 1.89 |
|---|---|
| Total Volume (shares) | 7,317 |
| Total Value (MMK) | 49 mil |
| Listed Company | 5 |
| Market Cap. (MMK) | 630,038 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,900 | ▲ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,950 | ▲ 50 |